ဥပဒေရေးရာဝန်ကြီးဌာန
အပတ်စဉ်သတင်းလွှာ
အတွဲ (၁) အမှတ် (၂၈)    ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၂၄ ရက်

## မာတိကာစဉ်


| | | |
|---|---|---|
| ၁။ | မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင် ဖော်ပြလျက်ရှိသော ဥပဒေနှင့် အမိန့်ကြော်ငြာစာများအကြောင်း သိကောင်းစရာ။ | ၂-၄ |
| ၂။ | ရှပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၂၃ခုနှစ်) ပြဋ္ဌာန်းခြင်း။ | ၅-၆ |
| ၃။ | ပီရူးနိုင်ငံတွင် သန္ဓေသားများအတွက် ပိုမိုအကာအကွယ်ပေးနိုင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးကို အသိအမှတ်ပြုသည့် ဥပဒေမူကြမ်းကို ပါလီမန်က အတည်ပြုခြင်း။ | ၇-၈ |
| ၄။ | သဘော်ာဟန်ချက်ထိန်းရေနှင့်အနည်အနှစ်များအား စီမံခန့်ခွဲခြင်းနှင့်ထိန်းချုပ်ခြင်းဆိုင်ရာညွှန်ကြားချက်နှင့် စပ်လျဉ်း၍ သိကောင်းစရာ။ | ၉-၁၀ |
| ၅။ | ပြင်သစ်နိုင်ငံတွင်ကလေးများအား လိင်အကြမ်းဖက်မှုတားဆီးမှုဆိုင်ရာလွတ်လပ်သော ကော်မရှင်က အရွယ်မရောက်သေးသူများအား လိင်အကြမ်းဖက်မှုတားဆီးခြင်းဆိုင်ရာ ကန့်သတ်သည့် ဥပဒေကို ဖယ်ရှားရန်အကြံပြုခြင်း။ | ၁၁-၁၂ |

## မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေနှင့် အမိန့်ကြော်ငြာစာများအကြောင်း သိကောင်းစရာ

ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုများပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS)တွင် ယခုသီတင်းပတ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ထုတ်ပြန်သည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ရန်ကုန်တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ၊ စီးပွားရေးရာကော်မတီပြင်ဆင်ဖွဲ့စည်းခြင်း၊ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း၊ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့နှင့် ဗဟိုလုပ်ငန်းအဖွဲ့ပြင်ဆင်ဖွဲ့စည်းခြင်း အမိန့်ကြော်ငြာစာ ၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနကထုတ်ပြန်သည့် ရေနံနှင့် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးနှင့်စပ်လျဉ်း၍ သိုလှောင်ကန်နှင့် သိုလှောင်ရုံများအတွက် သိုလှောင်ခွင့်လိုင်စင်နှင့် သယ်ဆောင်သည့် မော်တော်ယာဉ်၊ ရေယာဉ်နှင့် တွဲများအတွက် သယ်ယူခွင့်ခွင့်ပြုမိန့် ထုတ်ပေးခြင်း၊ ရေနံနှင့် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးနှင့် စပ်လျဉ်း၍ သိုလှောင်ခွင့်လိုင်စင်ခန့်မှန်းထားများနှင့် သယ်ဆောင်သည့် မော်တော်ယာဉ်၊ ရေယာဉ်နှင့် တွဲများအတွက် သယ်ယူခွင့် ခွင့်ပြုမိန့်ထုတ်ပေးနိုင်ရေး စစ်ဆေးခန့်မှန်းထားများ သတ်မှတ်ခြင်း အမိန့်ကြော်ငြာစာ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ထုတ်ပြန်သည့် မြေသြဇာကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်းအမိန့်ကြော်ငြာစာ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနကထုတ်ပြန်သည့် စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည် သုံးသပ်ခြင်းနှင့် အယူခံခြင်း (Administrative Review and Appeal) လုပ်ငန်းစဉ်တွင် ပါဝင်သော ပုံစံများ သတ်မှတ်ထုတ်ပြန်ခြင်း အမိန့်ကြော်ငြာစာ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် ကယားပြည်နယ်အတွင်းရှိ လမ်းများအား လမ်းဦးစီးဌာနပိုင် လမ်းမကြီးအဖြစ် သတ်မှတ်ခြင်းနှင့် ကချင်ပြည်နယ်အတွင်းရှိ လမ်းများအား လမ်းဦးစီးဌာနပိုင် လမ်းမကြီးအဖြစ် သတ်မှတ်ခြင်း အမိန့်ကြော်ငြာစာတို့ကို အများပြည်သူများ လွယ်လင့်တကူ ကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှု ပေးထားပါသည်။

သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ၃၀.၁၀.၂၀၂၃ရက်နေ့တွင်ထုတ်ပြန်ကြေညာခဲ့သည့်အမိန့်ကြော်ငြာစာအမှတ် ၀၃၇/၂၀၂၃ တွင် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်

ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ရေနံနှင့်ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးနှင့်စပ်လျဉ်း၍ သိုလှောင်ကန်နှင့် သိုလှောင်ရုံများအတွက် သိုလှောင်ခွင့်လိုင်စင်နှင့် သယ်ဆောင်သည့် မော်တော်ယာဉ်၊ ရေယာဉ်နှင့် တွဲများအတွက် သယ်ယူခွင့် ခွင့်ပြုမိန့်တို့ကို ထုတ်ပေးရန် သတ္တုတွင်းဦးစီးဌာနကို အာဏာပိုင်အဖြစ် ထုတ်ပြန်ကြေညာခဲ့ပါသည်။ သိုလှောင်ခွင့်လိုင်စင်ရယူလိုသူသည် လူပုဂ္ဂိုလ်အနေဖြင့် လျှောက်ထားမည်ဆိုပါက လျှောက်ထားသူကိုယ်တိုင်လည်းကောင်း၊ ကုမ္ပဏီအမည်ဖြင့် လျှောက်ထားမည်ဆိုပါက ကုမ္ပဏီက တရားဝင်လက်မှတ်ရေးထိုးရန် အခွင့်အာဏာအပ်နှင်းခံရသည့် ဒါရိုက်တာတစ်ဦးဦးက လက်မှတ်ရေးထိုး၍လည်းကောင်း သတ္တုတွင်းဦးစီးဌာနသို့ လျှောက်ထားရမည်ဖြစ်ပြီး ထိုသို့ လျှောက်ထားရာတွင် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ကန့်ကွက်ရန် မရှိကြောင်း ထောက်ခံချက်၊ မီးသတ်ဦးစီးဌာန၏ ကန့်ကွက်ရန် မရှိကြောင်း ထောက်ခံချက် စသည့် သတ်မှတ်ထားသော အထောက်အထားများကို ပူးတွဲ တင်ပြရမည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

ထို့ပြင် သယ်ယူခွင့် ခွင့်ပြုမိန့်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ အမိန့်ကြော်ငြာစာ အပိုဒ် ၄ နှင့် အပိုဒ် ၅ တို့တွင် လျှောက်ထားရမည့်ပုံစံနှင့် ပူးတွဲတင်ပြရမည့် အထောက်အထားများကို တိကျစွာ သတ်မှတ်ကြေညာထားသည်ကို တွေ့ရှိရပါသည်။ သိုလှောင်ခွင့်လိုင်စင်များ၏ သက်တမ်းသည် ၁ နှစ်ဖြစ်ပြီး မည်သည့်နေ့ရက်တွင် ထုတ်ပေးသည်ဖြစ်စေ နှစ်စဉ်ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်၍ နောင်လာမည့်နှစ်အတွက် သက်တမ်းတိုးမြှင့်ပေးရန် သိုလှောင်ခွင့်လိုင်စင်ရရှိသူသည် လိုင်စင်သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၃၀ ထက်မနည်းကြိုတင်၍ သတ္တုတွင်းဦးစီးဌာနသို့ လျှောက်ထားတင်ပြရမည်ဖြစ်ပြီး သိုလှောင်ခွင့်လိုင်စင်အား သက်တမ်းကုန်ဆုံးပြီးချိန်နောက်ပိုင်း သက်တမ်းတိုးတင်ပြရန် ၁ နှစ် ပျက်ကွက်ပါက အဆိုပါ လိုင်စင်သည် အလိုအလျောက်ပျက်ပြယ်ပြီး စာရင်းမှ ပယ်ဖျက်ရမည်ဟု ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

အမိန့်ကြော်ငြာစာအမှတ် ၀၃၈/၂၀၂၃ အရရေနံနှင့်ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို သိုလှောင်သည့် သိုလှောင်ကန်နှင့်သိုလှောင်ရုံများအတွက် သိုလှောင်ခွင့်လိုင်စင်ထုတ်ပေးနိုင်ရန် လိုင်စင်ကြေး၊ သက်တမ်းတိုးကြေး၊ ပိုင်ရှင်လွှဲပြောင်းကြေး၊ ရက်လွန်ဒဏ်ကြေး၊ ပျက်စီး/ပျောက်ဆုံး မိတ္တူမှန်ကြေး တို့အပေါ် စည်းကြပ်ကောက်ခံရမည့် နှုန်းထားများနှင့် သယ်ဆောင်သည့် မော်တော်ယာဉ်၊ ရေယာဉ်

နှင့်တွဲများအတွက် သယ်ယူခွင့် ခွင့်ပြုမိန့်ထုတ်ပေးနိုင်ရန်စစ်ဆေးခအဖြစ် စည်းကြပ်ကောက်ခံရမည့်နှုန်းထားများကို သတ်မှတ်ထုတ်ပြန်ခဲ့ပါသည်။

သို့ဖြစ်၍ ရေနံနှင့်ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို သိုလှောင်ကန်နှင့် သိုလှောင်ရုံများအတွက် သိုလှောင်ခွင့်လိုင်စင်နှင့် သယ်ဆောင်သည့် မော်တော်ယာဉ်၊ ရေယာဉ်နှင့်တွဲများအတွက် သယ်ယူခွင့် ခွင့်ပြုမိန့် ထုတ်ပေးနိုင်ရေး စစ်ဆေးခနှုန်းထားများ သတ်မှတ်ခြင်းကို လျှောက်ထားလိုသူများအနေဖြင့် မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် အသေးစိတ် လေ့လာနိုင်မည်ဖြစ်ပါသည်။

e-Government ဌာနခွဲ
ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

## ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ(၂၀၂၃ခုနှစ်) ပြဋ္ဌာန်းခြင်း

ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကို ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅၃ ဖြင့် ၂၈-၈-၂၀၁၅ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၉ ဖြင့် ၂၁-၆-၂၀၁၈ ရက်နေ့တွင် ပထမအကြိမ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၆၃/၂၀၂၁ ဖြင့် ၁-၁၁-၂၀၂၁ ရက်နေ့တွင် ဒုတိယအကြိမ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၅၆/၂၀၂၃ ဖြင့် ၁၆-၁၁-၂၀၂၃ ရက်နေ့တွင် တတိယအကြိမ် ပြင်ဆင်ခဲ့ပါသည်။

ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၂၃ခုနှစ်) သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ တာဝန်များပြီးမြောက်ပြီးနောက် ကျင်းပသည့်ရွေးကောက်ပွဲအရ ပြည်ထောင်စုအစိုးရအဖွဲ့ကို ဖွဲ့စည်းပြီးသည့်နေ့ရက်အထိသာ အာဏာတည်မည်ဖြစ်ကြောင်း ယင်းဥပဒေပုဒ်မ ၅ အရ တွေ့ရှိရပါသည်။

ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကိုပြင်ဆင်သည့်ဥပဒေ(၂၀၂၃ခုနှစ်) အရ ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ (ထ) "ကောင်စီ" အဓိပ္ပာယ်ဖွင့်ဆိုချက်ကို "ကောင်စီဆိုသည်မှာ ဤဥပဒေပါ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာအကြောင်းအရာ အချက်အလက်များကို ကြီးကြပ်စောင့်ကြည့် စီမံဆောင်ရွက်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဖွဲ့စည်းပေးသည့် ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး အပါအဝင် အဖွဲ့ဝင်ကိုးဦးထက်မပိုသော ရုပ်မြင်သံကြားနှင့်အသံလွှင့်ကောင်စီကိုဆိုသည်"ဟု အစားထိုးခဲ့ပါသည်။

ပြောင်းလဲသွားသည့် ကောင်စီဖွဲ့စည်းမှုပုံစံနှင့် လိုက်လျောညီထွေရှိစေရန် ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၇ နှင့် ၈ တို့၏ ခြေဆင်းကို အစားထိုးခဲ့ပြီး ကောင်စီအဖွဲ့ဝင်များရွေးချယ်ခန့်အပ်ခြင်း၊ ကောင်စီဥက္ကဋ္ဌ၊ ကောင်စီဒုတိယဥက္ကဋ္ဌနှင့်အတွင်းရေးမှူးတို့ကို ရွေးကောက်တင်မြှောက်ခြင်း တို့နှင့်သက်ဆိုင်သည့် ပုဒ်မများဖြစ်သော ပုဒ်မ ၉၊ ၁၀၊ ၁၁၊ ၁၂၊ ၁၃ နှင့် "ကောင်စီ၏ သက်တမ်းနှင့်တာဝန်မှရုပ်စဲခြင်း" အခန်း(၅) တို့ကို ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကိုပြင်ဆင်သည့်ဥပဒေ(၂၀၂၃ခုနှစ်) အာဏာတည်လျက်ရှိနေသမျှ

ကာလပတ်လုံး ရုပ်သိမ်းထားဘိသကဲ့သို့ မှတ်ယူရမည်ဖြစ်ကြောင်း ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကိုပြင်ဆင်သည့်ဥပဒေ(၂၀၂၃ခုနှစ်) ပုဒ်မ ၆ တွင် ပြဋ္ဌာန်းထားပါသည်။

ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များကို ရုပ်မြင်သံကြားနှင့်အသံလွှင့်ကောင်စီက အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ခုနှစ်)အရ အရေးပေါ်အခြေအနေ ကြေညာထားသည့် ကာလ ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေအရ ကောင်စီကို ဖွဲ့စည်းနိုင်ခြင်း မရှိသေးသည့် အခြေအနေတွင် ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်အဖော်ဆောင်ရွက်နိုင်ရန် ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ(၂၀၂၃ခုနှစ်)ကို ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါသည်။

ဥပဒေမူကြမ်းစိစစ်ရေးဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

## ပီရူးနိုင်ငံတွင် သန္ဓေသားများအတွက် ပိုမိုအကာအကွယ်ပေးနိုင်ရန်ဖွဲ့စည်းပုံ အခြေခံဥပဒေပါ အခွင့်အရေးကို အသိအမှတ်ပြုသည့် ဥပဒေမူကြမ်းကို ပါလီမန်က အတည်ပြုခြင်း

တောင်အမေရိကတိုက်ရှိ ပီရူးနိုင်ငံသည် သန္ဓေသားများအတွက် ပိုမိုအကာအကွယ်ပေးနိုင်ရန် ဥပဒေမူကြမ်းတစ်ရပ်အား ပါလီမန်က ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့တွင် အတည်ပြုခဲ့ပါသည်။

အဆိုပါဥပဒေအသစ်သည်သန္ဓေသားဖွံ့ဖြိုးမှုအတွက်အခွင့်အရေးကိုအာမခံထားပြီး လူတစ်ဦး ချင်းစီ၏ဘဝကို သန္ဓေတည်ချိန်မှစတင်၍ ကာကွယ်ပေးထားကြောင်းနှင့် မွေးကင်းစကလေးများကို တတ်နိုင်သမျှ မွေးကင်းစမှစ၍ တူညီသောအခွင့်အရေးများကို သတ်မှတ်ထားကြောင်းသိရှိရပါသည်။

အဆိုပါပြင်ဆင်သည့်ဥပဒေသည် ပီရူးကွန်ဂရက်လွှတ်တော်တွင် ထောက်ခံမဲ ၇၂ မဲ၊ ကန့်ကွက်မဲ ၂၆ မဲ၊ ကြားနေမဲ ၆ မဲဖြင့် တည်ပြုခဲ့ပြီး အသက်ရှင်သန်ခွင့်နှင့်စပ်လျဉ်း၍ သားအိမ်အတွင်းသန္ဓေသား ဖွံ့ဖြိုးတိုးတက်မှုအခွင့်အရေးကို အာမခံထားပါသည်။ ပီရူးတွင် ကိုယ်ဝန်ဖျက်ချခွင့်ပြုမည့်တစ်ခုတည်း သောခြွင်းချက်မှာ မိခင်နှင့်ကလေးတို့၏အသက်အန္တရာယ်အားထိခိုက်စေနိုင်သောအချိန်ဖြစ်ပါသည်။ သို့သော် နှစ်ဆအကျိုးသက်ရောက်မှုနိယာမအရ အဆိုပါခြွင်းချက်တွင် အကြိမ်များစွာ ကိုယ်ဝန်ဖျက်ချခြင်း မပါဝင်ပါ။

တရားဝင်ထုတ်ပြန်ထားသောဥပဒေအမှတ် ၇၈၅ သို့မဟုတ် “ပဋိသန္ဓေတည်ခြင်း၏ အခွင့်အရေးများကိုအသိအမှတ်ပြုသည့်ဥပဒေ” တွင် မမွေးသေးသောကလေးအား အခြားသူများနှင့် မခွဲခြားဘဲ ဆက်ဆံရမည်ဖြစ်ကြောင်း၊ “ကွဲပြားသော မျိုးရိုးဗီဇဆိုင်ရာအထောက်အထား” ကို အသိအမှတ်ပြုခြင်းအားဖြင့် ပဋိသန္ဓေတည်ခြင်းသည် မိခင်ထံမှကလေးအား သီးခြားအဖွဲ့အစည်း တစ်ခုအဖြစ် သတ်မှတ်ထားကြောင်း ဖော်ပြထားပါသည်။

ထို့ပြင် အဆိုပါဥပဒေအရ မမွေးဖွားသေးသော ကလေးအတွက် အကျိုးပြုသည့် "အသက်ရှင်သန်ခွင့်၊ ကျန်းမာရေး၊ ကိုယ်ကျင့်တရား၊ စိတ်ပိုင်းဆိုင်ရာနှင့်ရုပ်ပိုင်းဆိုင်ရာပြည့်စုံမှု၊ ထင်ရှားသော အထောက်အထား၊ လွတ်လပ်စွာဖွံ့ဖြိုးတိုးတက်မှု၊ ကောင်းမွန်စွာနေထိုင်မှု နှင့် အခြားသော အခွင့်အရေးများ”ကို အသိအမှတ်ပြုကာကွယ်ပေးပါသည်။

ဥပဒေအမှတ် ၇၈၅ အရ ယခင်ဥပဒေပြဋ္ဌာန်းချက်ဖြစ်သော ပီရူးနိုင်ငံရှိ လူသားအားလုံးသည် မွေးဖွားသည့်အချိန်မှစ၍ ဥပဒေများကို လိုက်နာသည်ဆိုသောအချက်အား ပြင်ဆင်ခဲ့ပြီး ယခုအခါ ပီရူးနိုင်ငံရှိ လူသားအားလုံးသည် ပဋိသန္ဓေတည်သည့်အချိန်မှစ၍ ဥပဒေများကိုလိုက်နာကြရပါမည်။

ယခုပြင်ဆင်ချက်ဖြင့် သန္ဓေတည်ချိန်မှစ၍ လူ့အခွင့်အရေးကိုတိုးမြှင့်ပေးသည်ဟု ထူးထူးခြားခြားသတ်မှတ်နိုင်ပြီး ပီရူးနိုင်ငံသည် ကိုယ်ဝန်ဖျက်ချခြင်းအား တားမြစ်ခြင်းကို ခိုင်မာစွာ အတည်ပြုနိုင်ခဲ့ပါသည်။ ပီရူးနိုင်ငံသည် လူ့အခွင့်အရေးကို ပဋိသန္ဓေတည်ချိန်မှစ၍ အသိအမှတ်ပြုသည့်ပထမဆုံးသောနိုင်ငံမဟုတ်ပါ။ယင်းကိစ္စနှင့်စပ်လျဉ်း၍ ချီလီ၊ ဒိုမီနီကန်သမ္မတနိုင်ငံ၊ အီကွေဒေါ၊ အယ်လ်ဆာဗေးဒေါ၊ ဂွာတီမာလာ၊ ဟန်ဂေရီ၊ ဟွန်ဒူးရပ်စ်၊ မာဒါဂတ်စကာ၊ ဖိလစ်ပိုင်နှင့် စလိုဗက်ကီးယားစသည့်နိုင်ငံများ၏ ဥပဒေပြုသကဲ့သို့ ပီရူးနိုင်ငံက ကျင့်သုံးခြင်းဖြစ်ကြောင်း သိရသည်။

ပြောရေးဆိုခွင့်ရ ကွန်ဂရက်လွှတ်တော်အမတ်ဖြစ်သူ Alejandro Munante ကလည်း ဤဥပဒေသည် ပီရူးနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တရားမဥပဒေ၊ ကလေးသူငယ်နှင့် အရွယ်ရောက်မှုဥပဒေတို့ပါပြဋ္ဌာန်းချက်ဖြစ်သော သန္ဓေတည်ချိန်မှစ၍ ဘဝအခွင့်အရေးကို ခိုင်မာစေခြင်းဖြစ်ကြောင်း၊ အသက်ရှင်ရပ်တည်ခွင့် အခွင့်အရေးအတွက် ကောင်းမွန်သော တိုးတက်မှုဖြစ်ကြောင်း၊ ဤဥပဒေကို Peruvian Official Gazette နှင့် တရားမဥပဒေပြင်ဆင်ချက်အဖြစ် ထုတ်ပြန်မည်ဖြစ်ကြောင်း နိုဝင်ဘာလ ၁၂ ရက်နေ့က CNA သတင်းတွင် ပြောကြားခဲ့ကြောင်း သိရသည်။

e-Government ဌာနခွဲ
ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

Source: https://constitutionnet.org/news/peru-parliament-passes-law-delineating-constitutional-rights-unborn

## သင်္ဘောဟန်ချက်ထိန်းရေနှင့် အနည်အနှစ်များအား စီမံခန့်ခွဲခြင်းနှင့် ထိန်းချုပ်ခြင်းဆိုင်ရာညွှန်ကြားချက်နှင့် စပ်လျဉ်း၍ သိကောင်းစရာ

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် သင်္ဘောဟန်ချက်ထိန်းရေနှင့် အနည်အနှစ်များအား စီမံခန့်ခွဲခြင်းနှင့် ထိန်းချုပ်ခြင်းဆိုင်ရာညွှန်ကြားချက်ကို မြန်မာနိုင်ငံကုန်သည်သင်္ဘောအက်ဥပဒေ ပုဒ်မ ၂၉၄ – ခ၊ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ၂၀၂၃ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်နေ့တွင် ညွှန်ကြားချက်အမှတ် ၂/၂၀၂၃ ဖြင့် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

မည်သည့်နေရာဒေသတွင်မဆိုရှိနေသော မြန်မာသင်္ဘောများ၊ မြန်မာနိုင်ငံအလံ လွှင့်ထူမထားသော်လည်း နိုင်ငံတော်၏အခွင့်အာဏာဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် သင်္ဘောများ၊ မြန်မာနိုင်ငံဆိပ်ကမ်း၊ သင်္ဘောကျင်း၊ ကမ်းလွန်ဆိပ်ကမ်း သို့မဟုတ် မြန်မာ့ရေပြင်အတွင်းရှိ သင်္ဘောများသည် ယင်းညွှန်ကြားချက်နှင့် သက်ဆိုင်ကြောင်းနှင့် ညွှန်ကြားချက် အပိုဒ် ၁ အပိုဒ်ခွဲ (ခ)ပါ သင်္ဘောများသည် သက်ဆိုင်ခြင်း မရှိကြောင်း သိရသည်။

ယင်းညွှန်ကြားချက်နှင့်သက်ဆိုင်သည့်သင်္ဘောများ၏ပိုင်ရှင်များ၊ ရေယာဉ်မှူးများ၊ သင်္ဘောလုပ်ငန်းဆောင်ရွက်သူများ၊ မန်နေဂျာများ၊ တိုင်းတာ စစ်ဆေးရေးမှူးများ၊ အသိအမှတ်ပြုအဖွဲ့အစည်းများနှင့် နိုင်ငံခြားသင်္ဘောစစ်ဆေးရေးမှူးများသည် သင်္ဘောဟန်ချက်ထိန်းရေနှင့် အနည်အနှစ်များအား စီမံခန့်ခွဲခြင်းနှင့်ထိန်းချုပ်ခြင်းတို့နှင့်စပ်လျဉ်း၍ 2004 International Convention for the Control and Management of Ships' Ballast Water and Sediments၊ Resolution MEPC. 287 (71)၊ Resolution MEPC. 288 (71)၊ BWM. 2/Circ.70/Rev.1 နှင့် Resolution A 1156 (32) တို့ပါ ပြဋ္ဌာန်းချက်များကို လိုက်နာကျင့်သုံးရမည်ဖြစ်ကြောင်း၊ ယင်းသင်္ဘောများသည် ဘေးအန္တရာယ်ဖြစ်စေနိုင်သော ရေနေဇီဝနှင့်ပက်သိုဂျင်များပါဝင်သော သင်္ဘောဟန်ချက်ထိန်းရေနှင့် အနည်အနှစ်များစီမံခန့်ခွဲခြင်းနှင့်ထိန်းချုပ်ခြင်းအစီအမံများကို သင်္ဘောဟန်ချက်ထိန်းရေလဲလှယ်ခြင်း သို့မဟုတ် သင်္ဘောဟန်ချက်ထိန်းရေပြုပြင်သန့်စင်စေခြင်း နည်းလမ်းအတိုင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သင်္ဘောဟန်ချက်ထိန်းရေမှတ်တမ်းစာအုပ်ကို အစစ်ဆေးခံနိုင်ရန် အမြဲတမ်းထားရှိရမည်ဖြစ်ပြီး အီလက်ထရောနစ်မှတ်တမ်းတင်စနစ်ဖြင့်လည်း ထားရှိနိုင်ကြောင်း၊ မြန်မာ့ရေပြင်

အတွင်းသို့ဝင်ရောက်ပါက သင်္ဘောဟန်ချက်ထိန်းရေဆိုင်ရာအချက်အလက်များကို မြန်မာ့ရေပြင်သို့မရောက်မီ အနည်းဆုံး ၂၄ နာရီကြိုတင်၍ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့ သတင်းပို့ရမည်ဖြစ်ကြောင်းနှင့် ယင်းညွှန်ကြားချက်အား လိုက်နာခြင်းမရှိပါက လိုအပ်သော အရေးယူ ဆောင်ရွက်ခြင်းခံရမည်ဖြစ်ကြောင်း သိရသည်။

နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ညွှန်ကြားချက်များဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ်: ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန

## ပြင်သစ်နိုင်ငံတွင်ကလေးများအားလိင်အကြမ်းဖက်မှုတားဆီးမှုဆိုင်ရာ လွတ်လပ်သောကော်မရှင်က အရွယ်မရောက်သေးသူများအား လိင်အကြမ်းဖက်မှုတားဆီးခြင်းဆိုင်ရာကန့်သတ်သည့် ဥပဒေကိုဖယ်ရှားရန် အကြံပြုခြင်း

ပြင်သစ်နိုင်ငံတွင် အရွယ်မရောက်သေးသူများအား လိင်အကြမ်းဖက်မှုနှင့် စပ်လျဉ်းသည့် ဥပဒေပြဋ္ဌာန်းချက်ပါ ကန့်သတ်မှုများကို ဖယ်ရှားရန် ပြင်သစ်နိုင်ငံ၏ ကလေးများအား လိင်အကြမ်းဖက်မှုတားဆီးမှုဆိုင်ရာ လွတ်လပ်သောကော်မရှင်က ၁၇-၁၁-၂၀၂၃ ရက်နေ့၌အစီရင်ခံစာ ထုတ်ပြန်ခဲ့ပါသည်။ ယင်းအစီရင်ခံစာတွင် ထောက်တိုင်များ၊ အစစ်အမှန်ဖြစ်ခြင်း၊ ငြင်းပယ်ခြင်းနှင့် ကာကွယ်ပေးခြင်းခေါင်းစဉ်ဖြင့် အပိုင်း ၄ ပိုင်းပါဝင်ပြီး လိင်အကြမ်းဖက်မှု ကျူးလွန်ခြင်းခံရသည့်ကလေးများအား ၃ နှစ်ကြာ လေ့လာစုဆောင်းမှုအပေါ် အခြေခံထုတ်ပြန်ခြင်းဖြစ်ကြောင်း ဖော်ပြထားပါသည်။

ပြင်သစ်နိုင်ငံတွင် နှစ်စဉ် လိင်အကြမ်းဖက်မှုခံစားရသူ ကလေးပေါင်း ၁၆၀၀၀၀ ခန့်ရှိပြီး ကလေးဘဝ၌ ယင်းသို့ အကြမ်းဖက်ခံရသူ အမျိုးသား၊ အမျိုးသမီး ပေါင်း ၅.၄ သန်းခန့်ရှိကြောင်း၊ ပြစ်မှုကျူးလွန်သူများအား ပြစ်ဒဏ်ချမှတ်ရန် ပျက်ကွက်ခြင်းနှင့် လူမှုဘဝလုံခြုံမှုပေးရန် ပျက်ကွက်ခြင်းတို့ကြောင့် ပေါ်ပေါက်လာသောအကျိုးဆက်အဖြစ် နှစ်စဉ်ကုန်ကျသော ကုန်ကျစရိတ် ၉.၇ ဘီလီယံအနက်သုံးပုံနှစ်ပုံခန့်သည် ပြစ်မှုကျူးလွန်ခံရသည့်နစ်နာသူများ၏ နောက်ဆက်တွဲအကျိုးဆက်များတွင် အသုံးပြုရလေ့ရှိကြောင်း အစီရင်ခံစာတွင်ဖော်ပြထားပါသည်။

ယခင်က ပြင်သစ်နိုင်ငံတွင် လိင်ဆက်ဆံမှုပြုရန်အတွက် Sexual Partner ၏ အသက်ကန့်သတ်ချက်ရှိခဲ့သော်လည်းလိင်ဆက်ဆံရန် သဘောတူညီမှုပြုနိုင်သည့် ဥပဒေများ (age of consent laws) ကို ၂၀၂၁ ခုနှစ်၌ ပြင်ဆင်ခဲ့ပြီးနောက် ယခုအခါတွင် လိင်ဆက်ဆံရာ၌ Sexual Partner ၏သဘောတူညီမှုရရှိရန်လိုအပ်ပြီးယင်းသို့သဘောတူညီမှုပြုနိုင်သည့် အသက်မှာ ၁၅ နှစ် ဟု သတ်မှတ်ထားကြောင်း၊ ယင်းသို့ပြင်ဆင်သည့်ဥပဒေသည် ကလေးသူငယ်လိင်အကြမ်းဖက်မှုကဲ့သို့သော အရွယ်မရောက်သေးသူများကြုံတွေ့နိုင်သည့် အန္တရာယ်ကိုကာကွယ်ပေးသည့် ဥပဒေတစ်ရပ်ဖြစ်သော်လည်း ဝေဖန်ကန့်ကွက်မှုများလည်း ကြုံတွေ့နေရကြောင်း ဖော်ပြထားပါသည်။

ယခုအခါ ယင်းတည်ဆဲဥပဒေကို ဖယ်ရှားခြင်းဖြင့် အရွယ်မရောက်သေးသူများအား မုဒိမ်းမှုသို့မဟုတ် လိင်အကြမ်းဖက်မှု ကျူးလွန်သူများကို တရားစွဲဆိုနိုင်မည်ဖြစ်ကြောင်းနှင့် သွေးရင်း

သားရင်းများက ကျူးလွန်သည့် ကလေးသူငယ်လိင်အကြမ်းဖက်မှုများကို သီးခြားရာဇဝတ်မှုများအဖြစ် စာရင်းသွင်းထားသင့်ကြောင်း အစီရင်ခံစာတွင် အကြံပြုထားပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

**ကိုးကားချက်** : JURIST Legal News & Commentary Reporting the Rule of Law in Crisis.

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

